မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ
ဘက်စုံ လေ့လာမှု စစ်တမ်း (၂၀၀၉-၂၀၁၀)

# ရွေးချယ်ထားသော ဆင်းရဲနွမ်းပါးမှု ဆိုင်ရာ ညွှန်ကိန်းများ









MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

Sida    unicef    UNDP

၂၀၁၁ ခုနှစ်၊ ဇွန်လ

# ရွေးချယ်ထားသော ဆင်းရဲနွမ်းပါးမှု ဆိုင်ရာ ညွှန်ကိန်းများ

၂၀၁၁ ခုနှစ်၊ ဇွန်လ

# စကားချီး

အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု (IHLCA) လုပ်ငန်းစီမံကိန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ ကုလသမဂ္ဂ နှင့် အခြားသော အမျိုးသားနှင့် နိုင်ငံတကာဆိုင်ရာ သက်ဆိုင်ပတ်သက်သူများအား တိုင်းပြည်၏ စားဝတ်နေရေး အခြေအနေကို သိရှိဆုံးဖြတ်နိုင်ရန်အတွက် စာရင်းအင်းအချက်အလက်များကို ဖြည့်ဆည်းပေးပါသည်။ ပထမအကြိမ် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် စစ်တမ်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ ဤဒုတိယအကြိမ် စစ်တမ်းသည် စားဝတ်နေရေး နောက်ဆုံးအခြေအနေနှင့် ဆင်းရဲနွမ်းပါးမှုအဆင့်များကို ဖေါ်ပြဖြည့်ဆည်းပေးသည့်အပြင် အခြေအနေကို ကောင်းစွာသိမြင်ပြီး ဆင်းရဲသူများ၏အကျိုးကို ရှေးရှုသည့် ဆုံးဖြတ်ချက်ချမှတ်မှုကို အထောက်အကူပြုမည့် နှိုင်းယှဉ်ချက်များနှင့် အလားအလာ စိစစ်ရန် အခွင့်အလမ်းများကိုလည်း ဖြည့်ဆည်းပေးပါသည်။

IHLCA-II၏ ယေဘုယျဒီဇိုင်းကို နှိုင်းယှဉ်နိုင်မှု ရယူနိုင်ရန် IHLCA-I၏ ဒီဇိုင်းအတိုင်း ရွေးချယ်ခဲ့ပါသည်။ ထိုအကြောင်းကြောင့် စစ်တမ်းတွင် တွေ့ဆုံမေးမြန်းသည့် အိမ်ထောင်စုပေါင်း၏ တစ်ဝက်ခန့်မှာ ၂၀၀၄-၂၀၀၅ခုနှစ် စစ်တမ်းမှ ထပ်တူအိမ်ထောင်စုများဖြစ်သဖြင့် ဆင်းရဲနွမ်းပါးမှုရွေ့လျားပြောင်းလဲခြင်းကို စိစစ်မှုပြုနိုင်ပါသည်။ စစ်တမ်းတွင် တစ်နိုင်ငံလုံး ကိုယ်စားပြုနမူနာအိမ်ထောင်စုပေါင်း (၁၈၆၆၀) ပါဝင်ခဲ့ပါသည်။ ပထမစစ်တမ်းအတိုင်း ကွင်းဆင်းဆောင်ရွက်သည့် လုပ်ငန်းအားလုံးကို နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ ပထမအကြိမ်ကို ၂၀၀၉ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၀ပြည့်နှစ် ဇန္နဝါရီလအတွင်း(ရိတ်သိမ်းချိန်အပြီး) ပြုလုပ်ပြီး၊ ဒုတိယအကြိမ်ကို ၂၀၁၀ပြည့်နှစ် မေလနောက်ပိုင်း(ရိတ်သိမ်းချိန်မတိုင်မီ)တွင် ပြုလုပ်ခဲ့ပါသည်။

စစ်တမ်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန (MNPED)၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Sida) တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ စစ်တမ်းနည်းပညာနှင့် နည်းစနစ်မှာ နိုင်ငံတကာတွင် ထိန်းသိမ်းကျင့်သုံးသည့် စံနှုန်းများအတိုင်းဖြစ်ပြီး လုပ်ငန်းစီမံကိန်းအဖွဲ့သည် ကမ္ဘာ့ဘဏ်၊ Statistics Sweden စသည့် အဖွဲ့အစည်းများနှင့် UNICEF နှင့် UNDP တို့၏ နည်းပညာဆိုင်ရာဝန်ထမ်းများထံမှ ကျယ်ပြန့်သော နည်းပညာဆိုင်ရာကြီးကြပ်မှုနှင့် ကူညီပံ့ပိုးမှုကို ရရှိခဲ့ပါသည်။ ဤမိတ်ဖက်များသည် စစ်တမ်းလုပ်ငန်းစဉ်ကို စစ်တမ်းဒီဇိုင်းနှင့် နည်းပညာမှစ၍ အချက်အလက်စိစစ်သည်အထိ စောင့်ကြည့်စစ်ဆေးပေးခဲ့ပါသည်။

မြန်မာပြည်တွင် ဆောင်ရွက်ခဲ့သည့် စားဝတ်နေရေးအခြေအနေနှင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ စစ်တမ်းများအနက် အပြည့်စုံ၊ အကျယ်ပြန့်ဆုံး စစ်တမ်းတစ်ခုဖြစ်သည်နှင့်အညီ ဤစာရင်းအင်းဆိုင်ရာ အချက်အလက်များသည် ရည်ရွယ်ချက်အမျိုးမျိုးနှင့် သက်ဆိုင်ပတ်သက်သူမျိုးစုံတို့အတွက် အသုံးဝင်ပြီး တန်ဖိုးရှိမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ထို့အပြင် ဤစာရင်းအင်းအချက်အလက်များက အခြေအနေကို ကောင်းစွာသိမြင်သည့် စီမံကိန်းရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ပြုစေနိုင်ကာ နောက်ဆက်တွဲအဖြစ် မြန်မာပြည်သူများ၏ လူနေမှုဘဝပြည့်စုံဖူလုံမှုတွင် တိုးတက်မှုများဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ဘစ်ရှော ပါရာဂျူလီ
ဌာနေ ကိုယ်စားလှယ်
UNDP မြန်မာ

ဒေါ်လှဲ့လှဲ့သိန်း
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်း ရေးဆွဲရေး ဦးစီးဌာန

ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ဆင်းရဲနွမ်းပါးခြင်းပြ မြေပုံ၊ ၂၀၀၉-၂၀၁၀



# မာတိကာ


စကားချီး ....... i

ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ဆင်းရဲနွမ်းပါးခြင်းပြ မြေပုံ၊ ၂၀၀၉-၂၀၁၀ ....... iii

**ရွေးချယ်ထားသော ဆင်းရဲနွမ်းပါးမှုနှင့် ဆက်နွယ်သည့် ညွှန်ကိန်းများ ....... ၁**

ဆင်းရဲနွမ်းပါးမှုပြမျဉ်းများ ....... ၃

အစားအစာဆင်းရဲချို့တဲ့ခြင်းဖြစ်မှု ....... ၄

ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ....... ၅

ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း ....... ၆

အရည်အသွေးကောင်းမွန်သည့်အိမ်အမိုးရှိမှု ....... ၈

အသေးစားပစ္စည်းပိုင်ဆိုင်မှု ....... ၉

**ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ပင်ကိုလက္ခဏာများ ....... ၁၁**

အိမ်ထောင်စု အရွယ် ....... ၁၃

လူဦးရေဆိုင်ရာမှီခိုမှုအချိုး (DDR) ....... ၁၄

စီးပွားရေးအရမှီခိုမှုအချိုး (EDR) ....... ၁၅

အမျိုးသမီး ဦးစီးသော အိမ်ထောင်စု (FHH) ....... ၁၆

လယ်ယာစိုက်ပျိုးမြေ ....... ၁၇

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မြေယာမဲ့နှုန်း ....... ၁၈

စိုက်ပျိုးစရိတ် ချေးငွေ အားလက်လှမ်းမီရရှိမှု ....... ၁၉

စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများအတွက်ချေးငွေအား လက်လှမ်းမီရရှိမှု ....... ၂၀

လုပ်သားအင်အားပါဝင်မှုနှုန်း ....... ၂၀

အလုပ်လက်မဲ့နှုန်း ....... ၂၂

တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း ....... ၂၃

သက်ကြီး စာတတ်မြောက်မှုနှုန်း ....... ၂၄

**ရွေးချယ်ထားသော ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင် နှင့် ဆက်နွယ်သည့် ညွှန်ကိန်းများ ....... ၂၅**

ပန်းတိုင် ၁။ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှုလုံးဝပပျောက်စေရန် ....... ၂၈

၁-၁။ အမျိုးသား အဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု ....... ၂၉

၁-၂။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး ....... ၃၀

၁-၃။ စုစုပေါင်းသုံးစွဲမှုတွင် အဆင်းရဲဆုံး အိမ်ထောင်စု ငါးစိတ်တစ်စိတ်၏ ပါဝင်မှုအချိုး ....... ၃၁

၁-၅။ အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး ....... ၃၂

၁-၆။ အမျိုးသား ဆင်းရဲနွမ်းပါးမှုပြမျဉ်း အောက် စားဝတ်နေထိုင်လျက် ရှိသည့် အလုပ် လုပ်သူအချိုး ....... ၃၃

၁-၇။ အလုပ်အကိုင်ရှိသူများအနက် ကိုယ်ပိုင်လုပ်ငန်းလုပ်သူနှင့် မိသားစုမှ ပါဝင် လုပ်ကိုင်သူ အချိုး ....... ၃၄

၁-၈။ အသင့်အတင့် ပုံမှန်ကိုယ်အလေးချိန် မပြည့်သော အသက် ၅ နှစ် အောက် ကလေးပျံ့နှံ့မှု ....... ၃၅

၁-၉။ အစားအစာမှ အာဟာရ စွမ်းအင်ရရှိရန် အနိမ့်ဆုံးအဆင့် စားသုံးမှုအောက် ရှိသည့် လူဦးရေအချိုး ....... ၃၆

ပန်းတိုင် ၂။ ကမ္ဘာအနှံ့မူလတန်း ပညာတတ်မြောက်စေရန် ....... ၃၇

၂-၁၊၊ မူလတန်းပညာအဆင့်အသားတင်ကျောင်းဝင်နှုန်း....................................................၃၈
၂-၃၊၊ အသက် ၁၅-၂၄အရွယ်ရှိသူ အမျိုးသမီးနှင့် အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်း ....................................................၃၉
ပန်းတိုင် ၃၊၊ ကျား၊မ တန်းတူညီမျှရေးအားမြှင့်တင်၍ အမျိုးသမီးများအား ဆောင်ရွက်ပိုင်ခွင့် ရရှိစေရန်........၄၀
၃-၁က၊၊ မူလတန်းပညာရေးတွင် မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး....................................................၄၁
၃-၁ခ၊၊ အလယ်တန်းနှင့် အထက်တန်းပညာရေးတွင် မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး....................................................၄၂
၃-၂၊၊ လယ်ယာမဟုတ်သော အခြားကဏ္ဍများ၌ လုပ်ခရအလုပ်အကိုင်တွင် အမျိုးသမီးများ၏ ပါဝင်မှုအချိုး....................................................၄၃
ပန်းတိုင် ၄၊၊ ကလေးသေဆုံးမှု လျှော့ချရန်....................................................၄၄
၄-၃၊၊ ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသော အသက် (၁)နှစ် အရွယ် ကလေးဦးရေအချိုး ....................................................၄၅
ပန်းတိုင် ၅၊၊ သားဖွားမိခင်ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေရန် ....................................................၄၆
၅-၂၊၊ ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး....................................................၄၇
၅-၃၊၊ ပဋိသန္ဓေ တားဆီးမှုပျံ့နှံ့နှုန်း....................................................၄၈
၅-၅၊၊ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်ခြင်း လွှမ်းခြုံမှု (အနည်းဆုံး တစ်ခါ)....................................................၄၉
၅-၆၊၊ မိသားစုစီမံကိန်း (မိသားစုအရွယ်စီမံချက်)ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု....................................................၅၀
ပန်းတိုင် ၆၊၊ HIV/AIDS၊ ငှက်ဖျားနှင့်အခြားရောဂါများကို နှိမ်နင်းရန် ....................................................၅၁
၆-၃၊၊ အသက် (၁၅-၂၄)နှစ်အရွယ် လူဦးရေ၏ HIV/AIDS အကြောင်း ကျယ်ပြန့် မှန်ကန်သော အသိပညာရှိသူ အချိုး.......၅၂
၆-၄၊၊ ကျောင်းတက်နေသော အသက်(၁၀-၁၄)နှစ်အရွယ် မိဘမဲ့သူနှင့် မိဘရှိသူ ကလေးဦးရေ အချိုး ....................................................၅၃
၆-၇၊၊ ဆေးစိမ်ခြင်ထောင်များဖြင့် အိပ်သော အသက်၅နှစ်အောက် ကလေးဦးရေ အချိုး ....................................................၅၄
ပန်းတိုင် ၇၊၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို မုချ သေချာစေရန် ....................................................၅၅
၇-၈၊၊ ကောင်းမွန်သည့် သောက်ရေဇာစ်မြစ်အား အသုံးပြုလျက် ရှိသည့် လူဦးရေအချိုး....................................................၅၆
၇-၉၊၊ ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေး စနစ်အား အသုံးပြုလျက် ရှိသည့် လူဦးရေအချိုး....................................................၅၇
၇-၁၀၊၊ ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်ကြသည့်မြို့ပြလူဦးရေအချိုး....................................................၅၈

**အထွေထွေ သတင်းအချက်အလက်....................................................*၅၉***
အဓိက ရည်ရွယ်ချက်များ ....................................................၆၁
သတင်းအချက်အလက် လွှမ်းခြုံမှု....................................................၆၂
စစ်တမ်းဖွဲ့စည်းပုံ....................................................၆၂
စစ်တမ်း ဒီဇိုင်း....................................................၆၃

# ရွေးချယ်ထားသော

# ဆင်းရဲနွမ်းပါးမှုနှင့် ဆက်နွယ်သည့်

# ညွှန်ကိန်းများ

## ဆင်းရဲနွမ်းပါးမှုပြမျဉ်းများ

ဆင်းရဲနွမ်းပါးမှု အခြေအနေလေ့လာတင်ပြချက်တွင် ဆင်းရဲနွမ်းပါးမှုပြမျဉ်းနှစ်မျိုး (ကျပ်) တင်ပြထားပြီး အစားအစာဆင်းရဲချို့တဲ့မှုပြမျဉ်းနှင့် ဆင်းရဲနွမ်းပါးမှုပြမျဉ်းများ ဖြစ်ကြပါသည်။ အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်းမှာ အခြေခံ ကယ်လိုရီ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် စားသုံးမှု အသုံးစရိတ်မည်မျှ လိုအပ်သည်ကို တိုင်းတာဖော်ပြပါသည်။ ဆင်းရဲနွမ်းပါးမှုပြမျဉ်းမှာ အစားအစာအတွက် မဟုတ်သည့် အသုံးစရိတ်အတွက် ခွင့်ပြုငွေကြေးပမာဏကို အစားအစာ ဆင်းရဲချို့တဲ့မှုပြမျဉ်းတွင် ပေါင်းထည့်ထားရုံမျှသာ ဖြစ်သည်။

၂၀၀၅ ခုနှစ် နှင့် ၂၀၁၀ ပြည့်နှစ် 'ကျပ်' တန်ဖိုးများအရ တစ်နှစ်အတွက် အရွယ်ရောက်သူနှင့် ညီမျှချက်အရ စံပြုထားသော အစားအစာဆင်းရဲချို့တဲ့မှုပြမျဉ်းနှင့် ဆင်းရဲနွမ်းပါးမှုပြမျဉ်းများ၏ အမှန်တကယ် (အမည်ခံ) တန်ဖိုးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | **၂၀၀၅** | **၂၀၁၀** |
|---|---|---|
| **အစားအစာဆင်းရဲချို့တဲ့မှုပြမျဉ်း** | ၁၁၈,၄၀၂ | ၂၇၄,၉၉၀ |
| **ဆင်းရဲနွမ်းပါးမှုပြမျဉ်း** | ၁၆၂,၁၃၆ | ၃၇၆,၁၅၁ |

ဤမျဉ်းများကို ကုန်ဈေးနှုန်း ကွာဟချက်များ၊ အိမ်ထောင်စု ဖွဲ့စည်းမှုနှင့် စားသုံးမှုတွင် စကေးအလိုက် ထူးခြားချက်များကို ထင်ဟပ်ပြရန် ကိုက်ညှိထားသည့် စားသုံးမှု အသုံးစရိတ်ကို အခြေခံ၍ တွက်ချက် ထားပါသည်။ အသုံးပြုထားသည့် ယေဘုယျ ချဉ်းကပ်နည်းမှာ အခြေခံလိုအပ်ချက်များအတွက် ကုန်ကျစရိတ်နည်း ဖြစ်ပါသည်။

ဆင်းရဲနွမ်းပါးမှုပြမျဉ်းကို အိမ်ထောင်စုဝင်များအား ဆင်းရဲသူများ (သို့မဟုတ်) မဆင်းရဲသူများဖြစ်မဖြစ် ဆုံးဖြတ်ရန် အသုံးပြုပါသည်။ လူဦးရေဆိုင်ရာ၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ညွှန်ကိန်းများကို ဆင်းရဲသူနှင့် မဆင်းရဲသူ၊ မြို့ပြနှင့် ကျေးလက်၊ အမျိုးသားနှင့်အမျိုးသမီးကဲ့သို့သော အုပ်စုခွဲများအတွက် သီးခြားတွက်ချက်ပါသည်။

# အစားအစာဆင်းရဲချို့တဲ့ခြင်းဖြစ်မှု

အစားအစာ ဆင်းရဲချို့တဲ့ခြင်း ဖြစ်မှုကို အစားအစာ လိုအပ်ချက်များအတွက် လုံလောက်သော စားသုံးမှုအသုံးစရိတ် ကျခံသုံးစွဲနိုင်ခြင်း မရှိသည့် အိမ်ထောင်စုများ၏ အိမ်ထောင်စုဝင် လူဦးရေ အချိုးအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

***အလွှာ အလိုက် အစားအစာဆင်းရဲချို့တဲ့ခြင်းဖြစ်မှု၊ ၂၀၀၅-၂၀၁၀ (%)***

| | မြို့ပြ | ကျေးလက် | ပြည်ထောင်စု |
|---|---|---|---|
| ၂၀၁၀ | ၂.၅ | ၅.၆ | ၄.၈ |
| ၂၀၀၅ | ၆.၁ | ၁၀.၉ | ၉.၆ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် အစားအစာဆင်းရဲချို့တဲ့ခြင်းဖြစ်မှု၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု

ဆင်းရဲနွမ်းပါးခြင်းဖြစ်မှုကို အစားအစာနှင့် အစားအစာ မဟုတ်သည့် လိုအပ်ချက်များ အတွက် လုံလောက်သော အသုံးစရိတ် ကျခံသုံးစွဲနိုင်ခြင်း မရှိသည့် အိမ်ထောင်စုများ၏ အိမ်ထောင်စုဝင်လူဦးရေအချိုးအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

***အလွှာ အလိုက် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု၊ ၂၀၀၅-၂၀၁၀ (%)***

| | မြို့ပြ | ကျေးလက် | ပြည်ထောင်စု |
|---|---|---|---|
| ၂၀၁၀ | ၁၅.၇ | ၂၉.၂ | ၂၅.၆ |
| ၂၀၀၅ | ၂၁.၅ | ၃၅.၈ | ၃၂.၁ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း

၂၀၀၉-၂၀၁၀ ပြည့်ခုနှစ်တွင် ကောက်ယူသည့် IHLCA စစ်တမ်းမှာ ယခင်စစ်တမ်းနှင့် ထပ်တူ ယူနစ်များပါဝင်သည့် ယခင်စစ်တမ်းမှ နမူနာ ယူနစ်များကို ထည့်သွင်း ကောက်ယူထားသည့် စစ်တမ်း (Panel Survey) တစ်ခုဖြစ်ပြီး၊ အိမ်ထောင်စု ဦးရေ၏ ၅၀%မှာ ၂၀၀၄-၂၀၀၅ ခုနှစ် IHLCA စစ်တမ်းတွင် ရွေးချယ် ကောက်ယူခဲ့သည့် အိမ်ထောင်စုများပင် ဖြစ်ပါသည်။ ယခင်နှင့် နောက်စစ်တမ်းများမှ ထပ်တူယူနစ် အချက်အလက်များသည် ဆင်းရဲနွမ်းပါးမှု အဆင့်ဆင့် ပြောင်းလဲသွားပုံကို လေ့လာ ရန်နှင့် ဆင်းရဲနွမ်းပါးမှု၏ ရွေ့လျား ပြောင်းလဲပုံကို စိစစ်နိုင်ရန် ပံ့ပိုးပေးပါသည်။

ဆင်းရဲနွမ်းပါးခြင်း၏ ရွေ့လျားပြောင်းလဲမှုကို အချိန်ကာလတစ်ရပ်အတွင်း အိမ်ထောင် စုတစ်စုခြင်း၏ ဆင်းရဲနွမ်းပါးမှု အခြေအနေ အပြောင်းအလဲများအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ အထူးသဖြင့် အိမ်ထောင်စုများအကြား (က) ဆက်လက်ဆင်းရဲနေသူ (တာရှည်ဆင်းရဲသူ)၊ (ခ) ဆင်းရဲခြင်းမှ လွတ်မြောက်သူ (သို့) ဆင်းရဲသွားသူ (ဆင်းရဲ နွမ်းပါးမှု အကူးအပြောင်း) နှင့် (ဂ) မဆင်းရဲဘဲ ဆက်ရှိနေသူဟူ၍ ခွဲခြားသိမြင် စေနိုင်ပါသည်။

***မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း၊ ၂၀၀၅-၂၀၁၀ (%)***

| | တာရှည် ဆင်းရဲသူ | ဆင်းရဲနွမ်းပါးမှု အကူးအပြောင်း | | မဆင်းရဲသူ |
|---|---|---|---|---|
| | | ဆင်းရဲသွားသူ | လွတ်မြောက်သူ | |
| ပြည်ထောင်စု | ၁၀.၀ | ၁၁.၃ | ၁၆.၅ | ၆၂.၁ |
| မြို့ပြ | ၅.၀ | ၇.၄ | ၁၁.၆ | ၇၆.၀ |
| ကျေးလက် | ၁၁.၉ | ၁၂.၇ | ၁၈.၃ | ၅၇.၁ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

အထက်ပါဇယားတွင် ဖော်ပြထားသည့် စစ်တမ်းရလဒ်များအရ ဆင်းရဲနွမ်းပါးမှု အကူး အပြောင်းမှာ တာရှည်ဆင်းရဲနွမ်းပါးမှု၏ သုံးဆနီးပါးရှိသော အရေးပါသည့် ဖြစ်စဉ် တစ်ရပ် ဖြစ်ဟန်ရှိသည်။

*ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ဆင်းရဲနွမ်းပါးမှု ရွေ့လျားပြောင်းလဲခြင်း၊ ၂၀၀၅-၂၀၁၀*




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# အရည်အသွေးကောင်းမွန်သည့်အိမ်အမိုးရှိမှု

အရည်အသွေးကောင်းမွန်သည့် အိမ်အမိုး[၁] မှာ လူမှုဘဝပြည့်စုံဖူလုံမှု၏ အရေးကြီးသည့် အတိုင်းအတာတစ်ရပ် ဖြစ်သကဲ့သို့ တစ်ခါတစ်ရံ စားသုံးခြင်း ဆင်းရဲချို့တဲ့မှုအတွက် ကိုယ်စားပြုချက်တစ်ရပ် အဖြစ်လည်း အသုံးပြုပါသည်။

***ဆင်းရဲနွမ်းပါးမှုအခြေအနေအရ အရည်အသွေးကောင်းမွန်သည့်အိမ်အမိုးရှိမှု၊ ၂၀၀၅-၂၀၁၀(%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | ပြည်ထောင်စု |
|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | |
| ၂၀၁၀ | ၃၂.၀ | ၅၈.၆ | ၅၂.၉ |
| ၂၀၀၅ | ၂၇.၈ | ၅၀.၃ | ၄၄.၁ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ကောင်းမွန်သည့်အိမ်အမိုးရှိမှု၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

[၁] အရည်အသွေးကောင်းမွန်သည့် အိမ်အမိုးတွင် သွပ်၊ အုတ်ကြွပ်ပြား၊ ကွန်ကရစ်၊ သစ်သားအမိုးချပ်များနှင့် သံဖြူပြားစများ ပါဝင်သည်။

## အသေးစားပစ္စည်းပိုင်ဆိုင်မှု

အသေးစားပစ္စည်းများ ပိုင်ဆိုင်မှုကို ဆင်းရဲနွမ်းပါးမှု၏ ကိုယ်စားပြု အတိုင်းအတာ အဖြစ် မှတ်ယူနိုင်ပါသည်။ အသေးစားပစ္စည်းများ ပိုင်ဆိုင်သော အိမ်ထောင်စုများ၏ ရာခိုင်နှုန်းမှာ စားဝတ်နေမှု အခြေအနေ အဆင့်အတန်းတွင် အလိုက်သင့်တုံ့ပြန်သော အပြောင်းအလဲများ ဖြစ်နိုင်ပါသည်။ အဓိက အသေးစားပစ္စည်း အမျိုးအစား(၄)မျိုး အတွက် သက်ဆိုင်ရာ ရာခိုင်နှုန်းများမှာ အောက်တွင်ဖော်ပြသည့်အတိုင်း ဖြစ်ပါသည်။

***အသေးစားပစ္စည်းများပိုင်ဆိုင်မှု (ပြည်ထောင်စု)၊ ၂၀၀၅-၂၀၁၀ (%)***

| | ၂၀၀၅ | ၂၀၁၀ |
|---|---|---|
| **ရုပ်မြင်သံကြား** | ၂၅.၄၆ | ၃၉.၆၆ |
| ရေဒီယို ကက်ဆက်/ စတီရီယို | ၂၇.၄၈ | ၃၇.၄၈ |
| စက်ဘီး | ၄၁.၄၈ | ၄၄.၂၆ |
| မော်တော်ဆိုင်ကယ် | ၉.၇၄ | ၂၄.၁၉ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# ဆင်းရဲနွမ်းပါးမှုဆိုင်ရာ ပင်ကိုလက္ခဏာများ

# အိမ်ထောင်စု အရွယ်

အိမ်ထောင်စု အရွယ်သည် အိမ်ထောင်စုဝင် အရေအတွက်ကို ပြပါသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေနှင့် အလွှာ အလိုက် ပျမ်းမျှအိမ်ထောင်စုအရွယ် ၂၀၀၅-၂၀၁၀***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၆.၀ | ၄.၇ | ၄.၉ | ၅.၀ | ၅.၀ |
| ၂၀၀၅ | ၆.၁ | ၄.၉ | ၅.၁ | ၅.၂ | ၅.၂ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ပျမ်းမျှအိမ်ထောင်စုအရွယ် ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# လူဦးရေဆိုင်ရာမှီခိုမှုအချိုး (DDR)

လူဦးရေဆိုင်ရာ မှီခိုမှုအချိုးသည် အသက် ၁၅နှစ် အောက်နှင့် ၆၄နှစ်အထက်ရှိသော အိမ်ထောင်စုဝင် ဦးရေကို အသက် ၁၅နှစ် နှင့် ၆၄နှစ်အကြားရှိသော အိမ်ထောင်စုဝင် ဦးရေနှင့် နှိုင်းယှဥ်ပြပါသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေနှင့် အလွှာ အလိုက် လူဦးရေဆိုင်ရာ မှီခိုမှုအချိုး၊ ၂၀၀၅-၂၀၁၀***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၀.၅၆ | ၀.၅၂ | ၀.၄၆ | ၀.၅၆ | ၀.၅၃ |
| ၂၀၀၅ | ၀.၆၂ | ၀.၅၆ | ၀.၄၈ | ၀.၆၁ | ၀.၅၈ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် လူဦးရေဆိုင်ရာ မှီခိုမှုအချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## စီးပွားရေးအရမှီခိုမှုအချိုး (EDR)

စီးပွားရေးအရ မှီခိုမှုအချိုးသည် အသက် ၁၅နှစ် နှင့် ၄၉နှစ် အကြားရှိသော အိမ်ထောင်စုဝင် စီးပွားရှာနိုင်သူဦးရေနှင့် စီးပွားမရှာနိုင်သူဦးရေကို နှိုင်းယှဥ်ပါသည်။ 'စီးပွားရှာနိုင်သူ' ကို မိသားစုမှ ပါဝင်လုပ်ဆောင်သည့် အလုပ်သမားအပါအဝင် စီးပွားရေး လုပ်ဆောင်ချက်တစ်ခုတွင် ဝင်ရောက် လုပ်ကိုင်နေသူဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် စီးပွားရေးအရမှီခိုမှုအချိုး၊ ၂၀၀၅-၂၀၁၀***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၀.၆၂ | ၀.၆၉ | ၀.၈၈ | ၀.၆၀ | ၀.၆၇ |
| ၂၀၀၅ | ၀.၅၇ | ၀.၆၈ | ၀.၈၆ | ၀.၅၈ | ၀.၆၅ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် စီးပွားရေးအရမှီခိုမှုအချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# အမျိုးသမီး ဦးစီးသော အိမ်ထောင်စု (FHH)

ဤညွှန်ကိန်းမှာ အမျိုးသမီး ဦးစီးသော အိမ်ထောင်စုဦးရေအချိုး ဖြစ်သည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် အမျိုးသမီးဦးစီးသော အိမ်ထောင်စု၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၁၈.၅ | ၂၁.၅ | ၂၆.၇ | ၁၈.၇ | ၂၀.၈ |
| ၂၀၀၅ | ၁၈.၃ | ၁၉.၁ | ၂၅.၁ | ၁၆.၇ | ၁၈.၉ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် အမျိုးသမီးဦးစီးသောအိမ်ထောင်စု၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# လယ်ယာစိုက်ပျိုးမြေ

ဆင်းရဲနွမ်းပါးမှုနှင့် လယ်ယာစိုက်ပျိုးရေး အချင်းချင်းဆက်သွယ်နေသဖြင့် မြေယာပိုင်ဆိုင်မှုမေးခွန်းမှာ အလေးအနက်ထားရန် လိုအပ်လာပါသည်။ မြေယာအားစိုက်ပျိုးမည် (သို့မဟုတ်) ငှားရမ်း မည်ဆိုပါက မြေယာသည် ဝင်ငွေရှိစေသည့် ပိုင်ဆိုင်ပစ္စည်းတစ်ခု ဖြစ်သကဲ့သို့ ချေးငွေရရှိရန်အတွက် အပေါင်ခံပစ္စည်း ဇာစ်မြစ်တစ်ခုလည်း ဖြစ်ပါသည်။ ဆင်းရဲနွမ်းပါးမှု ရှုဒေါင့်အရ အဓိကကျသော အချက်နှစ်ချက်တွင် ပျှမ်းမျှ လယ်ယာမြေ အရွယ်နှင့် မြေယာမဲ့မှု အတိုင်းအတာတို့ ပါဝင်ပါသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ အလိုက် တောင်သူလယ်သမားအိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျမ်းမျှ မြေဧရိယာ (ဧက)၊ ၂၀၀၅-၂၀၁၀***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ<br>ဆင်းရဲသူ | <br>မဆင်းရဲသူ | ပြည်<br>ထောင်စု |
|---|---|---|---|
| ၂၀၁၀ | ၄.၄ | ၇.၃ | ၆.၇ |
| ၂၀၀၅ | ၄.၁ | ၆.၉ | ၆.၁ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် တောင်သူလယ်သမားအိမ်ထောင်စုများ ပိုင်ဆိုင်သည့် ပျမ်းမျှ မြေဧရိယာ (ဧက)၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မြေယာမဲ့နှုန်း

မြေယာမဲ့သူများကို မည်သည့် လယ်ယာစိုက်ပျိုးမြေကိုမျှ ပိုင်ဆိုင်ခြင်း မရှိသော၊ လယ်ယာ စိုက်ပျိုးခြင်းကို အဓိက စီးပွားရေးလုပ်ဆောင်ချက်အဖြစ် လုပ်ကိုင်သည့် အိမ်ထောင်စုများတွင် ပါဝင်သူများအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ မြေယာမဲ့သူများ တွင် ကျပန်းလုပ်သားများ၊ လယ်ယာ လုပ်သားများနှင့် ကန်ထရိုက် လယ်သမားများ စသည်တို့ ပါဝင်ကြပါသည်။ မြေယာမဲ့နှုန်းသည် ဆင်းရဲနွမ်းပါးမှု၏ အရေးပါသော ဆက်စပ်မှုတစ်ခု ဖြစ်ပါသည်။

*ဆင်းရဲနွမ်းပါးမှု အခြေအနေ အလိုက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မြေယာမဲ့နှုန်း၊ ၂၀၀၅-၂၀၁၀ (%)*

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | ပြည်ထောင်စု |
|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | |
| ၂၀၁၀ | ၃၃.၆ | ၁၉.၈ | ၂၃.၆ |
| ၂၀၀၅ | ၃၁.၈ | ၂၂.၀ | ၂၅.၇ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

*ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှ မြေယာမဲ့နှုန်း၊ ၂၀၀၅-၂၀၁၀*




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# စိုက်ပျိုးစရိတ် ချေးငွေ အားလက်လှမ်းမီရရှိမှု

ဤညွှန်ကိန်းကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အတွက် ချေးငွေ လက်လှမ်းမီရရှိသည့် တောင်သူလယ်သမား အိမ်ထောင်စုများ၏ ရာခိုင်နှုန်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဤညွှန်ကိန်းနှင့် ဆင်းရဲနွမ်းပါးမှု ဆက်သွယ်ချက်သည် အရေးပါလာနိုင်ခြေရှိပါသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ အလိုက် စိုက်ပျိုးစရိတ် ချေးငွေ အားလက်လှမ်းမီရရှိမှု၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | ပြည်ထောင်စု |
|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | |
| ၂၀၁၀ | ၂၉.၇ | ၃၃.၈ | ၃၃.၀ |
| ၂၀၀၅ | ၃၆.၇ | ၃၈.၆ | ၃၈.၁ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် စိုက်ပျိုးစရိတ် ချေးငွေ အားလက်လှမ်းမီရရှိမှု၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများအတွက်ချေးငွေအား လက်လှမ်းမီရရှိမှု

ဤညွှန်ကိန်းကို လယ်ယာစိုက်ပျိုးရေး မဟုတ်သည့် လုပ်ငန်းများအတွက် ချေးငွေ လက်လှမ်းမီ ရရှိသည့် လယ်ယာစိုက်ပျိုးရေး မလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ ရာခိုင်နှုန်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများအတွက်ချေးငွေ လက်လှမ်းမီရရှိမှု၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၁၃.၅ | ၁၀.၆ | ၈.၆ | ၁၃.၂ | ၁၁.၁ |
| ၂၀၀၅ | ၁၈.၈ | ၁၄.၀ | ၁၂.၆ | ၁၆.၆ | ၁၅.၀ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများအတွက်ချေးငွေ လက်လှမ်းမီရရှိမှု၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# လုပ်သားအင်အားပါဝင်မှုနှုန်း

လုပ်သားအင်အား ပါဝင်မှုကို လူဦးရေ၏ သတ်မှတ်ထားသော အသက် အုပ်စုအတွက် အလုပ်လုပ်နေသော သို့မဟုတ် အလုပ်လုပ်ရန် အသင့်ရှိနေသူအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် လွန်ခဲ့သော ၆လ အတွင်း လုပ်သားအင်အားပါဝင်မှုနှုန်း (အသက် ၁၅နှစ် နှင့် အထက်)၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၆၉.၄ | ၆၆.၃ | ၅၉.၉ | ၆၉.၉ | ၆၇.၁ |
| ၂၀၀၅ | ၆၇.၁ | ၆၂.၇ | ၅၆.၄ | ၆၇.၀ | ၆၄.၁ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် လွန်ခဲ့သော ၆လ အတွင်း လုပ်သားအင်အားပါဝင်မှုနှုန်း (အသက် ၁၅နှစ် နှင့် အထက်)၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## အလုပ်လက်မဲ့နှုန်း

ပေါ်လွင်အလုပ်လက်မဲ့နှုန်းကို တွေ့ဆုံမေးမြန်းခြင်းမပြုမီ (၆)လအတွင်း အလုပ်မလုပ်သော အသက်(၁၅)နှစ် နှင့်အထက် လုပ်သားအင်အား၏ ရာခိုင်နှုန်း အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် လွန်ခဲ့သော (၆) လ အတွင်း အလုပ်လက်မဲ့နှုန်းများ(၁၅နှစ် နှင့် အထက်)၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၂.၄ | ၁.၄ | ၃.၅ | ၁.၁ | ၁.၇ |
| ၂၀၀၅ | ၂.၃ | ၁.၉ | ၄.၅ | ၁.၂ | ၂.၀ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် လွန်ခဲ့သော (၆) လ အတွင်း အလုပ်လက်မဲ့နှုန်းများ(၁၅နှစ် နှင့် အထက်)၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း

တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း ကို တွေ့ဆုံမေးမြန်းခြင်းမပြုမီ (၇)ရက် အတွင်း (၄၄)နာရီ အောက် လျော့နည်း အလုပ်လုပ်သော အသက်(၁၅)နှစ်နှင့် အထက် အလုပ်လုပ်သူဦးရေ၏ ရာခိုင်နှုန်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

*ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် လွန်ခဲ့သော (၇) ရက်အတွင်း တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှုန်း (၁၅နှစ် နှင့် အထက်)၊ ၂၀၀၅-၂၀၁၀ (%)*

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၃၈.၀ | ၃၇.၃ | ၃၄.၈ | ၃၈.၃ | ၃၇.၅ |
| ၂၀၀၅ | ၃၄.၅ | ၃၃.၇ | ၃၄.၆ | ၃၃.၈ | ၃၃.၉ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

*ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် လွန်ခဲ့သော (၇) ရက်အတွင်း တစ်ဝက်တစ်ပျက် အလုပ် လက်မဲ့နှုန်း (၁၅နှစ် နှင့် အထက်)၊ ၂၀၀၅-၂၀၁၀*




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## သက်ကြီး စာတတ်မြောက်မှုနှုန်း

သက်ကြီး စာတတ်မြောက်ခြင်းကို အသက် ၁၅နှစ် နှင့် အထက် အသက်အရွယ်ရှိသူများတွင် သာမာန်စာပိုဒ် တစ်ပိုဒ်အား အလွယ်တကူ ဖတ်ရှုနားလည်နိုင်ပြီး ရိုးရိုးသင်္ချာပုစ္ဆာများကို ဖြေရှင်းနိုင်ခြင်း၊ သို့မဟုတ် ဒုတိယတန်းအထိ သင်ယူပြီးမြောက်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် သက်ကြီး စာတတ်မြောက်မှုနှုန်း၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၈၄.၃ | ၉၂.၆ | ၉၅.၃ | ၈၈.၇ | ၉၀.၆ |
| ၂၀၀၅ | ၇၈.၈ | ၈၇.၆ | ၉၂.၁ | ၈၂.၁ | ၈၄.၉ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် သက်ကြီး စာတတ်မြောက်မှုနှုန်း၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# ရွေးချယ်ထားသော
# ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင် နှင့်
# ဆက်နွယ်သည့် ညွှန်ကိန်းများ

ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင် (MDG) နှင့် ရည်မှန်းချက်များသည် ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလတွင် နိုင်ငံနှင့် အစိုးရအဖွဲ့ အကြီးအကဲ (၁၄၇) ဦး ပါဝင်လျက် နိုင်ငံပေါင်း (၁၈၉) နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြပြီး ၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးဆွေးနွေးပွဲတွင် အဖွဲ့ဝင်နိုင်ငံများက ထပ်မံသဘောတူညီခဲ့ကြသည့် ထောင်စုနှစ် တရားဝင် ကြေညာချက်မှ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

မူလ ထောင်စုနှစ် ဖွံ့ဖြိုးမှု ပန်းတိုင်နှင့် ရည်မှန်းချက်များတွင် ရည်မှန်းချက် (၁၈)ခု နှင့် ညွှန်ကိန်း ၄၈ ခု ပါဝင်ခဲ့သော်လည်း ညွှန်ကိန်း ၂၆ခု သည်သာ အိမ်ထောင်စုစစ်တမ်း အချက်အလက်များကို အခြေခံ၍ စာရင်းတင်ရန် ဆီလျော်ပါသည်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကောက်ယူခဲ့သည့် ပထမအကြိမ် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု (IHLCA) စစ်တမ်းသည် မြန်မာနိုင်ငံအတွက် ညွှန်ကိန်း ၁၆ ခု ကိုသာ တွက်စေနိုင်ခဲ့ပါသည်။

မွမ်းမံပြင်ဆင်ထားသည့် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်နှင့် ညွှန်ကိန်းအစုသည် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၁၅)ရက် တွင် စတင် အကျိုးသက်ရောက်ခဲ့ပါသည်။ မွမ်းမံ ပြင်ဆင်ထားသည့် ပန်းတိုင်နှင့် ညွှန်ကိန်းအစုတွင် အားလုံးပေါင်းပန်းတိုင် ၂၁ ခု နှင့် ညွှန်ကိန်း ၆၀ ခု ပါရှိပြီး ယင်းမှ ညွှန်ကိန်း ၂၉ ခုသည် အိမ်ထောင်စုစစ်တမ်းမှ ခန့်မှန်းရယူရန် ဆီလျော်ပါသည်။ ၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် ကောက်ယူခဲ့သည့် ဤ ဒုတိယအကြိမ် အိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (IHLCA-II) သည် ညွှန်ကိန်း(၂၃)ခု ကို တွက်ယူနိုင်စေခဲ့ပါသည်။

## ပန်းတိုင် ၁။ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှုလုံးဝပပျောက်စေရန်

ပန်းတိုင်(၁)အောက်တွင် အားလုံးပေါင်းရည်မှန်းချက်(၃)ခုနှင့် ညွှန်ကိန်း(၉)ခုရှိပါသည်။ ယင်းတို့အနက် ညွှန်ကိန်းတစ်ခုဖြစ်သော "အလုပ်လုပ်သူတစ်ဦးကျ စုစုပေါင်း ပြည်တွင်းထွက်ကုန်(GDP)တိုးနှုန်း"ကို အိမ်ထောင်စုစစ်တမ်းမှ တွက်ယူမရရှိနိုင်ပါ။ စစ်တမ်းသည် ပန်းတိုင်(၁)အောက်ရှိ ရည်မှန်းချက်အားလုံးအတွက် ညွှန်ကိန်း(၈)ခုကို တွက်ယူရရှိစေနိုင်ခဲ့ပါသည်။

***ရည်မှန်းချက် ၁-က။ ၁၉၉၀ပြည့်နှစ်မှ ၂၀၁၅ခုနှစ်အတွင်း တစ်နေ့လျှင် အမေရိကန် တစ်ဒေါ်လာ (PPP) အောက် ဝင်ငွေရှိသူ လူဦးရေအချိုးအား ထက်ဝက်လျှော့ချရန်***

- ၁-၁။ တစ်နေ့လျှင် အမေရိကန် တစ်ဒေါ်လာ(PPP)အောက် ဝင်ငွေရရှိသူလူဦးရေအချိုး[၂]
- ၁-၂။ ဆင်းရဲနွမ်းပါးမှုကွာဟချက်အချိုး
- ၁-၃။ စုစုပေါင်းစားသုံးမှုတွင် အဆင်းရဲဆုံးအိမ်ထောင်စု ငါးစိတ်တစ်စိတ်၏ ပါဝင်မှုအချိုး

***ရည်မှန်းချက် ၁-ခ။ အမျိုးသမီးများနှင့် ငယ်ရွယ်သူများအပါဝင် အားလုံးအတွက် အကျိုးရှိသည့် အလုပ်အကိုင်အပြည့်အဝရှိမှုနှင့် သင့်တင့်လျောက်သော အလုပ်ရရှိစေရန်***

- ၁-၅။ အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး
- ၁-၆။ တစ်နေ့လျှင် တစ်ဒေါ်လာ(PPP) အောက် စားဝတ်နေထိုင်လျက်ရှိသည့် အလုပ်လုပ်သူအချိုး
- ၁-၇။ အလုပ်အကိုင်ရှိသူများ အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်သူနှင့် မိသားစုမှ ပါဝင်လုပ်ကိုင်သူ အချိုး

***ရည်မှန်းချက် ၁-ဂ။ ၁၉၉၀ပြည့်နှစ်မှ ၂၀၁၅ခုနှစ်အတွင်း ငတ်မွတ်ခြင်းခံစားရသော လူဦးရေအချိုးအား ထက်ဝက်လျှော့ချရန်***

- ၁-၈။ အသက်(၅)နှစ်အောက် ပုံမှန်ကိုယ်အလေးချိန်မပြည့်သော ကလေးပျံ့နှံ့မှု
- ၁-၉။ အစားအစာ အဟာရစွမ်းအင် ရရှိအောင် အနိမ့်ဆုံးအဆင့် စားသုံးမှုအောက်ရှိသည့် လူဦးရေ အချိုး

---

[၂] မြန်မာနိုင်ငံအတွက် အမေရိကန် တစ်ဒေါ်လာ(PPP)၏ ကျပ်ငွေတန်ဖိုး မရှိသဖြင့် IHLCA စစ်တမ်းက အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှုပြမျဉ်း အောက်ရှိ လူဦးရေအချိုးကို တင်ပြထားပါသည်။

## ၁-၁။ အမျိုးသား အဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု

အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှုကို အစားအစာနှင့် အစားအစာ မဟုတ်သော လိုအပ်ချက်များအတွက် လုံလောက်သော အသုံးစရိတ်မရှိသည့် အိမ်ထောင်စု လူဦးရေ အချိုးအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

***အလွှာအလိုက် အမျိုးသား အဆင့် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု၊ ၂၀၀၅-၂၀၁၀ (%)***

| | မြို့ပြ | ကျေးလက် | ပြည်ထောင်စု |
|---|---|---|---|
| ၂၀၁၀ | ၁၅.၇ | ၂၉.၂ | ၂၅.၆ |
| ၂၀၀၅ | ၂၁.၅ | ၃၅.၈ | ၃၂.၁ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ဆင်းရဲနွမ်းပါးခြင်းဖြစ်မှု၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၁-၂။ ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး

ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး သည် ဆင်းရဲနွမ်းပါးမှုပြမျဉ်းမှ ဆင်းရဲသူများ၏ ပျမ်းမျှကွာလှမ်းချက်ကို ဆင်းရဲနွမ်းပါးခြင်းဖြစ်မှုနှင့် မြှောက်ယူထားခြင်းဖြစ်သည်။ ဤအချိုးသည် ဆင်းရဲနွမ်းပါးမှုဖြစ်ခြင်းနှင့် နက်ရှိုင်းမှု၏ အတိုင်းအတာတစ်ခုဖြစ်သည်။

***အလွှာ အလိုက် ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး၊ ၂၀၀၅-၂၀၁၀***

| | မြို့ပြ | ကျေးလက် | ပြည်ထောင်စု |
|---|---|---|---|
| ၂၀၁၀ | ၀.၀၂၃ | ၀.၀၄၇ | ၀.၀၄၁ |
| ၂၀၀၅ | ၀.၀၄၂ | ၀.၀၇၁ | ၀.၀၆၄ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ဆင်းရဲနွမ်းပါးမှု ကွာဟချက် အချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၁-၃။ စုစုပေါင်းသုံးစွဲမှုတွင် အဆင်းရဲဆုံး အိမ်ထောင်စု ငါးစိတ်တစ်စိတ်၏ ပါဝင်မှုအချိုး

ဤညွှန်ကိန်းသည် နှိုင်းယဉ်မညီချက်ကို ပြသည့် ညွှန်ကိန်းဖြစ်သည်။ ယင်းက လူဦးရေ၏ အဆင်းရဲဆုံး ငါးစိတ်တစ်စိတ်နှင့် သက်ဆိုင်သည့် စုစုပေါင်းစားသုံးမှု၏ အပိုင်းကို ညွှန်ပြသည်။ လူတိုင်း၏ စားသုံးမှုသည် နှုန်းတူများပြား သို့မဟုတ် လျော့နည်းလာသရွေ့ ယင်းညွှန်ကိန်းသည် မပြောင်းလဲပဲရှိနေမည်။

***အလွှာ အလိုက် စုစုပေါင်းသုံးစွဲမှုတွင် အဆင်းရဲဆုံး အိမ်ထောင်စု ငါးစိတ်တစ်စိတ်၏ ပါဝင်မှုအချိုး၊ ၂၀၀၅-၂၀၁၀ (%)***

| | မြို့ပြ | ကျေးလက် | ပြည်ထောင်စု |
|---|---|---|---|
| ၂၀၁၀ | ၁၁.၁ | ၁၂.၆ | ၁၂.၀ |
| ၂၀၀၅ | ၁၀.၀ | ၁၁.၈ | ၁၁.၁ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် စုစုပေါင်းသုံးစွဲမှုတွင် အဆင်းရဲဆုံး အိမ်ထောင်စု ငါးစိတ်တစ်စိတ်၏ ပါဝင်မှုအချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၁-၅။ အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး[၃]

ဤညွှန်ကိန်းသည် နိုင်ငံတစ်နိုင်ငံ၏ အလုပ်လုပ်နိုင်သည့် အသက်အရွယ် ရှိသော လူဦးရေအနက် အလုပ်လုပ်နေသူဦးရေအချိုး ဖြစ်သည်။

***အလွှာနှင့် ကျားမ အလိုက် အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး၊ ၂၀၀၅-၂၀၁၀ (%)***

| | အလွှာ | | ကျားမ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | မြို့ပြ | ကျေးလက် | ကျား | မ | |
| ၂၀၁၀ | ၄၉.၇ | ၅၉.၈ | ၆၉.၀ | ၄၆.၃ | ၅၇.၁ |
| ၂၀၀၅ | ၄၆.၃ | ၅၇.၃ | ၆၆.၆ | ၄၃.၁ | ၅၄.၃ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် အလုပ်အကိုင်ရှိသူနှင့် လူဦးရေအချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

[၃] အလုပ်အကိုင်ရှိသူအဖြစ် အသက်၁၀နှစ်အထက်ရှိပြီး လွန်ခဲ့သည့်(၇)ရက်အတွင်း အလုပ်လုပ်နေသူ သို့မဟုတ် လွန်ခဲ့သည့်(၇)ရက်အတွင်း အလုပ်လုပ်မနေသော်လည်း အမြဲတမ်းအလုပ်ရှိသူကို ရည်ညွှန်းသည်။ အလုပ်အကိုင်ရှိသူတွင် အချိန်ပြည့်အခမဲ့ အိမ်တွင်းမှု အလုပ်လုပ်နေသူများ မပါဝင်ပါ။

## ၁-၆။ အမျိုးသား ဆင်းရဲနွမ်းပါးမှုပြမျဉ်း အောက် စားဝတ်နေထိုင်လျက် ရှိသည့် အလုပ် လုပ်သူအချိုး

ဤညွှန်ကိန်းသည် အလုပ်လုပ်နေသည့် ဆင်းရဲသူအချိုးကို ပြပါသည်။ အလုပ်လုပ်လျက်ရှိပြီး အိမ်ထောင်စုသားများကို ဆင်းရဲသူအဖြစ် အမျိုးအစားခွဲခံရသည့် အိမ်ထောင်စုတွင် နေသူများအချိုး ဖြစ်သည်။

*အလွှာ နှင့် ကျား၊မ အလိုက် အမျိုးသား ဆင်းရဲနွမ်းပါးမှုပြမျဉ်း အောက် စားဝတ်နေထိုင်လျက် ရှိသည့် အလုပ် လုပ်သူအချိုး၊ ၂၀၀၅-၂၀၁၀ (%)*

| | အလွှာ | | ကျား၊မ | | ပြည် |
|---|---|---|---|---|---|
| | မြို့ပြ | ကျေးလက် | ကျား | မ | ထောင်စု |
| ၂၀၁၀ | ၁၅.၂ | ၂၈.၆ | ၂၅.၉ | ၂၄.၈ | ၂၅.၅ |
| ၂၀၀၅ | ၂၀.၀ | ၃၅.၈ | ၃၀.၇ | ၃၃.၂ | ၃၂.၃ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

*ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် အမျိုးသား ဆင်းရဲနွမ်းပါးမှုပြမျဉ်း အောက် စားဝတ်နေထိုင်လျက် ရှိသည့် အလုပ် လုပ်သူအချိုး၊ ၂၀၀၅-၂၀၁၀*




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၁-၇။ အလုပ်အကိုင်ရှိသူများအနက် ကိုယ်ပိုင်လုပ်ငန်းလုပ်သူနှင့် မိသားစုမှ ပါဝင် လုပ်ကိုင်သူ အချိုး

ကိုယ်ပိုင်လုပ်ငန်း ကိုယ်တိုင်လုပ်ကိုင်သူများမှာ အဓိကအားဖြင့် ကိုယ်တိုင် အလုပ်လုပ်သူများ ဖြစ်ပြီး မိသားစုမှ အခမဲ့ပါဝင်လုပ်ကိုင်သူများမှာ အိမ်ထောင်စုဝင် တစ်ဦး ပိုင်ဆိုင်သည့် လုပ်ငန်းမှာ ကိုယ်တိုင်အလုပ်လုပ်သည့် လုပ်သားများ ဖြစ်သည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် အလုပ်အကိုင်ရှိသူများအနက် ကိုယ်ပိုင်လုပ်ငန်းလုပ်သူ နှင့် မိသားစုမှ ပါဝင် လုပ်ကိုင်သူ အချိုး၊ ၂၀၀၅-၂၀၁၀(%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၄၅.၀ | ၅၇.၅ | ၄၅.၇ | ၅၇.၀ | ၅၄.၃ |
| ၂၀၀၅ | ၄၉.၄ | ၅၂.၉ | ၄၂.၆ | ၅၄.၆ | ၅၁.၈ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် အလုပ်အကိုင်ရှိသူများအနက် ကိုယ်ပိုင်လုပ်ငန်းလုပ်သူ နှင့် မိသားစုမှ ပါဝင် လုပ်ကိုင်သူ အချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၁-၈။ အသင့်အတင့် ပုံမှန်ကိုယ်အလေးချိန် မပြည့်သော အသက် ၅ နှစ် အောက် ကလေးပျံ့နှံ့မှု

ဤညွှန်ကိန်းကို ရည်ညွှန်း အသက်(၅)နှစ်အောက် ကလေးဦးရေအတွက် စံထားသည့် ပုံမှန်ကိုယ်အလေးချိန်အောက် စံတိမ်းချက် နှစ်ဆထက် ပို၍ ကိုယ်အလေးချိန် လျော့နည်းသော အသက်(၅)နှစ်အောက် ကလေးဦးရေအချိုးအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။ ယင်းသည် အာဟာရဓာတ်မပြည့်ဝမှုအတွက် ရောနှောညွှန်ကိန်း တစ်ခုဖြစ်ပြီး ကြီးထွားနှုန်းနှေးခြင်း (အသက်အလိုက် အရပ်အမြင့်)နှင့် ကြုံလှီခြင်း (အရပ်အမြင့်အလိုက်ကိုယ်အလေးချိန်) တို့ကို ထည့်သွင်းစဉ်းစားထားသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် အသင့်အတင့် ပုံမှန်ကိုယ်အလေးချိန် မပြည့်သော အသက် ၅ နှစ် အောက် ကလေးပျံ့နှံ့မှု ၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၃၅.၂ | ၃၀.၆ | ၂၅.၅ | ၃၃.၇ | ၃၂.၀ |
| ၂၀၀၅ | ၃၇.၉ | ၃၂.၁ | ၃၁.၄ | ၃၅.၀ | ၃၄.၃ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် အသင့်အတင့် ပုံမှန်ကိုယ်အလေးချိန် မပြည့်သော အသက် ၅ နှစ် အောက် ကလေးပျံ့နှံ့မှု၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၁-၉။ အစားအစာမှ အာဟာရ စွမ်းအင်ရရှိရန် အနိမ့်ဆုံးအဆင့် စားသုံးမှုအောက် ရှိသည့် လူဦးရေအချိုး

ဤညွှန်ကိန်းသည် အစားအစာစားသုံးရာတွင် အစားအစာမှ အာဟာရစွမ်းအင် လိုအပ်ချက်များ၏ အနိမ့်ဆုံးအဆင့်အောက် ကျရောက်လျက်ရှိသည့် လူဦးရေအချိုး ဖြစ်သည်။ ယင်းအတွက် နီးစပ်သော အတိုင်းအတာတစ်ခုမှာ အစားအစာချို့တဲ့ခြင်း ဖြစ်ပြီး အစားအစာမှ အာဟာရစွမ်းအင် လိုအပ်ချက်များ၏ အနိမ့်ဆုံးအဆင့် လိုက်လျောညီထွေရှိသည့် အစားအစာလိုအပ်ချက်များအတွက် လုံလောက်သော စားသုံးမှု အသုံးစရိတ် မရှိသည့် အိမ်ထောင်စုများမှ အိမ်ထောင်စုဝင်လူဦးရေအချိုးအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။

***အလွှာ အလိုက် အစားအစာ ဆင်းရဲချို့တဲ့ခြင်း ဖြစ်မှု၊ ၂၀၀၅-၂၀၁၀ (%)***

| | မြို့ပြ | ကျေးလက် | ပြည်ထောင်စု |
|---|---|---|---|
| ၂၀၁၀ | ၂.၅ | ၅.၆ | ၄.၈ |
| ၂၀၀၅ | ၆.၁ | ၁၀.၉ | ၉.၆ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် အစားအစာ ဆင်းရဲချို့တဲ့ခြင်း ဖြစ်မှု၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ပန်းတိုင် ၂။ ကမ္ဘာအနှံ့မူလတန်း ပညာတတ်မြောက်စေရန်

ပန်းတိုင်(၂)အောက်တွင် အားလုံးပေါင်းရည်မှန်းချက် (၁)ခု နှင့် ညွှန်ကိန်း(၃)ခု ရှိသည်။ ယင်းတို့အနက် ညွှန်ကိန်းတစ်ခုဖြစ်သည့် မူလတန်းပညာ၏ အဆင့်(၁) တက်ရောက်ပြီးနောက်၊ နောက်ဆုံးအဆင့်ထိ ရောက်ရှိနိုင်ခဲ့သည့် ကျောင်းသားများအချို့ကို စစ်တမ်းအချက်အလက်များအခြေခံ၍ မတွက်ခဲ့ပါ။ စစ်တမ်းက အောက်တွင်ဖော်ပြထားသည့် ညွှန်ကိန်း (၂)ခုတွက်ယူရန် အချက်အလက်များကို ဖေါ်ထုတ်ပေးပါသည်။

***ရည်မှန်းချက် ၂-က။ ၂၀၁၅ခုနှစ်တွင် နေရာအနှံ့မှ ကလေးသူငယ်များ၊ ယောက်ျားကလေး နှင့် မိန်းကလေး အားလုံး မူလတန်းပညာ ပြီးမြောက်နိုင်စေရန်***

၂-၁။ မူလတန်းပညာအဆင့်အသားတင်ကျောင်းဝင်နှုန်း

၂-၃။ အသက်(၁၅-၂၄)နှစ် အရွယ်ရှိသူ အမျိုးသမီးနှင့် အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်း

## ၂-၁၊၊ မူလတန်းပညာအဆင့်အသားတင်ကျောင်းဝင်နှုန်း

မူလတန်းပညာအဆင့် အသားတင်ကျောင်းဝင်နှုန်းသည် ယင်းအဆင့်တွင် ကျောင်းအပ်နှံသည့် တရားဝင်မူလတန်းကျောင်းနေအရွယ် ကလေးအရေအတွက်ကို စုစုပေါင်း တရားဝင်မူလတန်းကျောင်းနေအရွယ် ကလေးဦးရေ၏ ရာခိုင်နှုန်းအဖြစ် ဖော်ပြခြင်း ဖြစ်သည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် မူလတန်းပညာအဆင့်အသားတင်ကျောင်းဝင်နှုန်း၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၈၁.၃ | ၉၀.၃ | ၉၁.၈ | ၈၆.၇ | ၈၇.၇ |
| ၂၀၀၅ | ၈၀.၁ | ၈၇.၂ | ၈၇.၆ | ၈၄.၀ | ၈၄.၇ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် မူလတန်းပညာအဆင့်အသားတင်ကျောင်းဝင်နှုန်း၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၂-၃။ အသက် (၁၅-၂၄)နှစ် အရွယ်ရှိသူ အမျိုးသမီးနှင့် အမျိုးသားများ၏ စာတတ်မြောက်မှုနှုန်း

စာတတ်မြောက်ခြင်းကို သာမာန်စာပိုဒ် တစ်ပိုဒ်အား အလွယ်တကူဖတ်ရှုနားလည်နိုင်ပြီး ရိုးရိုးသင်္ချာ ပုစ္ဆာများကို ဖြေရှင်းနိုင်ခြင်း၊ သို့မဟုတ် ဒုတိယတန်းအထိ သင်ယူပြီးမြောက်ခြင်း ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် အသက် (၁၅-၂၄)နှစ် အရွယ်ရှိသူများ၏ စာတတ်မြောက်မှုနှုန်း၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၉၁.၃ | ၉၇.၇ | ၉၈.၂ | ၉၅.၁ | ၉၅.၈ |
| ၂၀၀၅ | ၈၇.၆ | ၉၄.၁ | ၉၅.၉ | ၉၀.၆ | ၉၁.၉ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် အသက် (၁၅-၂၄)နှစ် အရွယ်ရှိသူများ၏ စာတတ်မြောက်မှုနှုန်း၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ပန်းတိုင် ၃။ ကျား၊မ တန်းတူညီမျှရေးအားမြှင့်တင်၍ အမျိုးသမီးများအား ဆောင်ရွက်ပိုင်ခွင့် ရရှိစေရန်

ပန်းတိုင်(၃)အောက်တွင် အားလုံးပေါင်းရည်မှန်းချက်တစ်ခုနှင့် ညွှန်ကိန်း(၃)ခုရှိသည်။ ယင်းတို့အနက် ညွှန်ကိန်းတစ်ခုဖြစ်သော "အမျိုးသားလွှတ်တော်တွင် အမျိုးသမီး လွှတ်တော်အမတ်နေရာ အချိုး" ကို အိမ်ထောင်စု စစ်တမ်းအချက်အလက်များမှ တွက်ယူ မရရှိနိုင်ပါ။ စစ်တမ်းအချက်အလက်များက အောက်ပါညွှန်ကိန်း(၂)ခုကိုသာ တွက်ချက်နိုင်စေသည်။

***ရည်မှန်းချက် ၃-က။ ဖြစ်နိုင်ပါက ၂၀၀၅ခုနှစ်တွင် မူလတန်း၊ အလယ်တန်း နှင့် အထက်တန်း ပညာရေးတွင် ကျား၊မ အခွင့်အရေး မတူညီမှု ပပျောက်စေရန်နှင့် ၂၀၁၅ခုနှစ်ထက် နောက်မကျစေပဲ ပညာရေးအဆင့် အားလုံး၌ ဖယ်ရှားပြီး ဖြစ်ရန်***

၃-၁။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့်ပညာရေးရှိ မိန်းကလေးနှင့် ယောကျ်ားကလေး အချိုးများ

၃-၂။ လယ်ယာမဟုတ်သော အခြားကဏ္ဍများ၌ လုပ်ခရ အလုပ်အကိုင်တွင် အမျိုးသမီးများ၏ ပါဝင်မှုအချိုး

## ၃-၁က။ မူလတန်းပညာရေးတွင် မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး

မူလတန်းပညာရေးတွင် မိန်းကလေးနှင့် ယောကျ်ားကလေး အချိုးမှာ မူလတန်းအဆင့်တွင် ကျောင်းစားရင်းဝင်သည့် ကျောင်းသူအရေအတွက်နှင့် ယင်းအဆင့်တွင် ကျောင်းစားရင်းဝင်သည့် ကျောင်းသားအရေအတွက် အချိုးဖြစ်သည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် မူလတန်းပညာရေးတွင် မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၉၆.၇ | ၉၁.၀ | ၈၉.၈ | ၉၃.၃ | ၉၂.၆ |
| ၂၀၀၅ | ၁၀၀.၅ | ၉၃.၇ | ၈၇.၈ | ၉၈.၀ | ၉၆.၁ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် မူလတန်းပညာရေးတွင် မိန်းကလေးနှင့် ယောကျ်ားကလေး အချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၃-၁၈။ အလယ်တန်းနှင့် အထက်တန်းပညာရေးတွင် မိန်းကလေးနှင့် ယောက်ျားကလေး အချိုး

၎င်းအချိုးမှာ အလယ်တန်းနှင့် အထက်တန်း ပညာရေးတွင် ကျောင်းစာရင်းဝင်သည့် ကျောင်းသူ အရေအတွက် နှင့် ယင်းအဆင့်တွင် ကျောင်းစာရင်းဝင်သည့် ကျောင်းသား အရေအတွက်အချိုး ဖြစ်သည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် အလယ်တန်းနှင့် အထက်တန်းပညာရေးတွင် မိန်းကလေး နှင့် ယောက်ျားကလေး အချိုး၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါး မှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၁၀၀.၇ | ၉၄.၄ | ၁၀၀.၈ | ၉၃.၄ | ၉၅.၆ |
| ၂၀၀၅ | ၁၀၂.၂ | ၁၀၂.၆ | ၉၉.၃ | ၁၀၄.၁ | ၁၀၂.၅ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် အလယ်တန်းနှင့် အထက်တန်းပညာရေးတွင် မိန်းကလေး နှင့် ယောက်ျားကလေး အချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၃-၂။ လယ်ယာမဟုတ်သော အခြားကဏ္ဍများ၌ လုပ်ခရအလုပ်အကိုင်တွင် အမျိုးသမီးများ၏ ပါဝင်မှုအချိုး

ဤအချိုးသည် အမျိုးသမီးများ၏ ငွေကြေးစီးပွားရေးအတွင်းသို့ ပေါင်းစည်းပါဝင်မှုနှင့် စက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများရှိ လုပ်သားဈေးကွက်ကို လက်လှမ်းမီနိုင်မှု၏ အတိုင်းအတာတစ်ခုဖြစ်သည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် လယ်ယာမဟုတ်သော အခြားကဏ္ဍများ၌ လုပ်ခရ အလုပ် အကိုင်တွင် အမျိုးသမီးများ၏ ပါဝင်မှုအချိုး၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၄၀.၃ | ၄၆.၇ | ၄၄.၀ | ၄၄.၉ | ၄၄.၇ |
| ၂၀၀၅ | ၃၈.၈ | ၄၂.၁ | ၄၀.၅ | ၄၂.၃ | ၄၁.၃ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် လယ်ယာမဟုတ်သော အခြားကဏ္ဍများ၌ လုပ်ခရ အလုပ် အကိုင်တွင် အမျိုးသမီးများ၏ ပါဝင်မှုအချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ပန်းတိုင် ၄။ ကလေးသေဆုံးမှု လျှော့ချရန်

ပန်းတိုင်(၄)အောက်တွင် အားလုံးပေါင်း ရည်မှန်းချက်(၁)ခုနှင့် ညွှန်ကိန်း(၃)ခုရှိသည်။ အိမ်ထောင်စုစစ်တမ်း အချက်အလက်များကို အခြေခံ၍ ဤညွှန်ကိန်းအားလုံးကို စာရင်းတင်နိုင်သော်လည်း စစ်တမ်းအရွယ်သေးငယ်သဖြင့် ညွှန်ကိန်းနှစ်ခုကို တွက်ချက်မှုမပြုပါ။ စစ်တမ်းသည် အောက်တွင် ဖော်ပြထားသည့် ညွှန်ကိန်း(၁)ခု ကို တွက်ယူရန်အတွက် ခြုံငုံမိသည့်အချက်အလက်များကို ထုတ်လုပ်ပေးခဲ့ပါသည်။

***ရည်မှန်းချက် ၄-က။ ၁၉၉၀ပြည့်နှစ် နှင့် ၂၀၁၅ခုနှစ်အတွင်း အသက်(၅)နှစ်အောက် ကလေး သေဆုံးမှု နှုန်းကို သုံးပုံနှစ်ပုံလျှော့ချရန်***

၄-၃။ ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသော အသက် (၁)နှစ် အရွယ် ကလေးဦးရေအချိုး

## ၄-၃။ ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသော အသက် (၁)နှစ် အရွယ် ကလေးဦးရေအချိုး

ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသော အသက်(၁)နှစ် အရွယ် ကလေးဦးရေ အချိုးသည် ကာကွယ်ဆေးထိုးမှု၏ လွှမ်းခြုံနိုင်မှုကို ပြသော ညွှန်ကိန်းတစ်ခုဖြစ်သည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသော အသက် (၁)နှစ် အရွယ် ကလေးဦးရေအချိုး၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၇၅.၅ | ၈၅.၆ | ၉၀.၅ | ၇၉.၆ | ၈၂.၃ |
| ၂၀၀၅ | ၇၈.၄ | ၈၁.၄ | ၇၉.၇ | ၈၀.၄ | ၈၀.၃ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးပြီးသော အသက် (၁)နှစ် အရွယ် ကလေးဦးရေအချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ပန်းတိုင် ၅။ သားဖွားမိခင်ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေရန်

ပန်းတိုင်(၅)အောက်တွင် အားလုံးပေါင်း ရည်မှန်းချက်(၂)ခု နှင့် ညွှန်ကိန်း(၆)ခု ရှိသည်။ ဤညွှန်ကိန်း အားလုံးကို အိမ်ထောင်စုစစ်တမ်း အချက်အလက်များမှ တွက်ယူရရှိနိုင်သော်လည်း နမူနာအရွယ်ငယ်သဖြင့် ရည်မှန်းချက်တစ်ခုစီမှ ညွှန်ကိန်းတစ်ခုစီကို တွက်ယူမထားပါ။ အောက်တွင်ဖော်ပြထားသည့် ညွှန်ကိန်း(၄)ခုကို စစ်တမ်း အချက်အလက်များက တွက်ချက်စေနိုင်ခဲ့သည်။

***ရည်မှန်းချက် ၅-က။ ၁၉၉၀ပြည့်နှစ်မှ ၂၀၁၅ခုနှစ်အတွင်း သားဖွားမိခင်သေဆုံးမှုနှုန်းကို လေးပုံသုံးပုံလျှော့ချရန်***

၅-၂။ ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှုအချိုး

***ရည်မှန်းချက် ၅-ခ။ ၂၀၁၅ခုနှစ်တွင် ကမ္ဘာအနှံ့ မျိုးဆက်ပွား ကျန်းမာရေးကို လက်လှမ်းမီရရှိမှု***

၅-၃။ ပဋိသန္ဓေ တားဆီးမှုပျံ့နှံ့နှုန်း

၅-၅။ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (အနည်းဆုံး တစ်ခါ နှင့် အနည်းဆုံး လေးခါ)

၅-၆။ မိသားစုစီမံကိန်း (မိသားစုအရွယ်စီမံချက်)ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု

## ၅-၂။ ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှု အချိုး[၄]

ဤညွှန်ကိန်းကို အသက် (၁၅-၄၉) နှစ် အရွယ်ရှိပြီး သတ်မှတ်ထားသည့် ကာလအတွင်း ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများက စောင့်ရှောက် မွေးဖွား ပေးခဲ့သည့် အရှင် မွေးကလေးတစ်ဦး ရှိသော အမျိုးသမီးရာခိုင်နှုန်းဖြင့် ဖော်ပြသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက်မွေးဖွားမှုအချိုး၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၆၉.၃ | ၈၁.၄ | ၉၂.၆ | ၇၄.၂ | ၇၇.၉ |
| ၂၀၀၅ | ၆၄.၆ | ၇၆.၉ | ၈၈.၆ | ၆၇.၉ | ၇၂.၅ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများဖြင့် စောင့်ရှောက် မွေးဖွားမှုအချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

[၄] ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းတွင် ဆရာဝန်များ၊ သူနာပြုများ (သို့မဟုတ်) သားဖွားဆရာမများ ပါဝင်သည်။

## ၅-၃။ ပဋိသန္ဓေ တားဆီးမှုပျံ့နှံ့နှုန်း

ပဋိသန္ဓေ တားဆီးမှုပျံ့နှံ့နှုန်းမှာ အိမ်ထောင်ပြုပြီး သို့မဟုတ် အမျိုးသားနှင့်အတူတကွ နေထိုင်လျက်ရှိသော အသက်(၁၅)နှစ် မှ (၄၉)နှစ်အတွင်း အရွယ်ရှိသည့် အမျိုးသမီးများအနက် လောလောဆယ် အစဉ်အလာသန္ဓေတားနည်း သို့မဟုတ် ခေတ်မီသန္ဓေတားနည်း သုံးစွဲလျက် ရှိသည့် အမျိုးသမီးရာခိုင်နှုန်း ဖြစ်သည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် ပဋိသန္ဓေ တားဆီးမှုပျံ့နှံ့နှုန်း၊ ၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၃၂.၀ | ၄၁.၉ | ၄၆.၅ | ၃၇.၂ | ၃၉.၅ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်/ တိုင်းဒေသကြီး အလိုက် ပဋိသန္ဓေ တားဆီးမှုပျံ့နှံ့နှုန်း၊ ၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၅-၅။ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်ခြင်း လွှမ်းခြုံမှု (အနည်းဆုံး တစ်ခါ)

ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး စောင့်ရှောက်ခြင်း လွှမ်းခြုံမှု (အနည်းဆုံးတစ်ခါ ကျန်းမာရေးဝန်ထမ်းများ နှင့် တွေ့ဆုံမှု)သည် သတ်မှတ်ထားသော အချိန်ကာလအတွင်း အရှင်မွေး တစ်ဦးရှိသော အသက်(၁၅-၄၉)နှစ် အရွယ် အမျိုးသမီးဖြစ်ပြီး ကိုယ်ဝန်ရှိစဉ် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းက ပေးအပ်သည့် ကိုယ်ဝန်ဆောင်ချိန် စောင့်ရှောက်မှု အနည်းဆုံးတစ်ခါ လက်ခံရရှိသော အမျိုးသမီး ရာခိုင်နှုန်း ဖြစ်သည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး စောင့်ရှောက်ခြင်း၏ လွှမ်းခြုံမှု (အနည်းဆုံး တစ်ခါ)၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၇၇.၂ | ၈၅.၇ | ၉၃.၃ | ၈၀.၈ | ၈၃.၃ |
| ၂၀၀၅ | ၇၅.၅ | ၈၆.၄ | ၉၂.၉ | ၇၉.၅ | ၈၂.၅ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်ခြင်း လွှမ်းခြုံမှု (အနည်းဆုံး တစ်ခါ)၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၅-၆။ မိသားစုစီမံကိန်း (မိသားစုအရွယ်စီမံချက်)ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှု

မိသားစုစီမံကိန်း (မိသားစုအရွယ်စီမံချက်)ကို လိုအပ်သည့်အတိုင်း မဖြည့်ဆည်းနိုင်မှုကို မျိုးပွားနိုင်ပြီး လိင်ဆက်ဆံမှု ပြုနိုင်လျက် ကလေးထပ်မံမရယူလို (သို့မဟုတ်) ကလေးယူခြင်းကို ရွှေ့ဆိုင်းလိုသည်ဟု ပြောဆိုသော်လည်း သန္ဓေတားနည်း[၅] တစ်ခုမျှ အသုံးပြုခြင်း မရှိသော အိမ်ထောင်ပြုပြီး အမျိုးသမီးများ အချိုးဖြင့် အဓိပ္ပာယ် ဖွင့်ဆိုသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် မိသားစုစီမံကိန်း (မိသားစုအရွယ်စီမံချက်)ကို လိုအပ်သည့်အတိုင်း မဖြည့် ဆည်းနိုင်မှု၊ ၂၀၁၀ (%)***

| | ဆ င်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၂၈.၃ | ၂၂.၉ | ၁၄.၈ | ၂၇.၃ | ၂၄.၂ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် မိသားစုစီမံကိန်း (မိသားစုအရွယ်စီမံချက်)ကို လိုအပ်သည့် အတိုင်း မဖြည့် ဆည်းနိုင်မှု၊ ၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

---

[၅] သန္ဓေတားနည်း အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် မိရိုးဖလာ သန္ဓေတားနည်း ပါဝင်သည်။

## ပန်းတိုင် ၆။ HIV/AIDS၊ ငှက်ဖျားနှင့်အခြားရောဂါများကို နှိမ်နင်းရန်

ပန်းတိုင်(၆)အောက်တွင် အားလုံးပေါင်း ရည်မှန်းချက်(၃)ခု နှင့် ညွှန်ကိန်း(၁၀)ခု ရှိသည်။ စစ်တမ်းက အောက်တွင် ဖော်ပြထားသည့် ညွှန်ကိန်း(၃)ခုကို စာရင်းတင်ရန် အတွက် အချက်အလက်များကို ဖြည့်ဆည်းပေးခဲ့သည်။

***ရည်မှန်းချက် ၆-က။ ၂၀၁၅ခုနှစ်တွင် HIV/AIDSရောဂါ ကူးဆက်ပြန့်ပွားမှုကို ရပ်တန့်စေ၍ ပြန့်ပွားမှု လျော့နည်း ကျဆင်းစေရန်***

၆-၃။ အသက် (၁၅-၂၄)နှစ်အရွယ် လူဦးရေ၏ HIV/AIDS အကြောင်း ကျယ်ပြန့် မှန်ကန်သော အသိပညာရှိသူ အချိုး

၆-၄။ ကျောင်းတက်နေသော အသက်(၁၀-၁၄)နှစ်အရွယ် မိဘမဲ့သူနှင့် မိဘရှိသူ ကလေးဦးရေ အချိုး

***ရည်မှန်းချက် ၆-ဂ။ ၂၀၁၅ခုနှစ်တွင် ငှက်ဖျားနှင့် အခြားအဓိကကျသော ရောဂါဖြစ်ပွားမှုကို ရပ်တန့်စေ၍ ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန်***

၆-၇။ ဆေးစိမ်ခြင်ထောင်များဖြင့် အိပ်သော အသက်၅နှစ်အောက် ကလေးဦးရေ အချိုး

## ၆-၃။ အသက် (၁၅-၂၄)နှစ်အရွယ် လူဦးရေ၏ HIV/AIDS အကြောင်း ကျယ်ပြန့် မှန်ကန်သော အသိပညာရှိသူ အချိုး

ဤညွှန်ကိန်းကို အသက်(၁၅-၂၄)နှစ် အရွယ် ငယ်ရွယ်သူများအနက် HIV/AIDS ရောဂါပိုးကို လိင်ဆက်ဆံမှု မှတဆင့် မကူးစက်နိုင်အောင် အဓိကကာကွယ်နည်း နှစ်နည်း[၆] ကို မှန်ကန်စွာ သတ်မှတ်ဖော်ထုတ်ပြီး HIVကူးစက်မှုနှင့် စပ်လျဉ်း၍ ဒေသခံတို့အများဆုံးဖြစ်လေ့ရှိသည့် နားလည်မှုလွဲမှားခြင်း နှစ်မျိုးကို ငြင်းပယ်သူ ရာခိုင်နှုန်းအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။

*ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် အသက် (၁၅-၂၄)နှစ်အရွယ် လူဦးရေ၏ HIV/AIDS အကြောင်း ကျယ်ပြန့် မှန်ကန်သော အသိပညာရှိသူအချိုး၊ ၂၀၁၀ (%)*

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၈၉.၂ | ၉၃.၂ | ၉၅.၃ | ၉၁.၂ | ၉၂.၁ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

*ပြည်နယ်၊ တိုင်းဒေသကြီး အလိုက်အသက် (၁၅-၂၄)နှစ်အရွယ် လူဦးရေ၏ HIV/AIDS အကြောင်း ကျယ်ပြန့် မှန်ကန်သော အသိပညာရှိသူအချိုး၊ ၂၀၁၀*




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

---

[၆] ကွန်ဒုံးအသုံးပြုခြင်းနှင့် ရောဂါကူးစက်ခြင်း မရှိသော သစ္စာရှိသည့် အိမ်ထောင်ဖက် တစ်ဦးတည်းနှင့်သာ လိင်ဆက်ဆံမှုကို ကန့်သတ်ထားခြင်း

## ၆-၄။ ကျောင်းတက်နေသော အသက်(၁၀-၁၄)နှစ်အရွယ် မိဘမဲ့သူနှင့် မိဘရှိသူ ကလေးဦးရေ အချိုး

ဤညွှန်ကိန်းကို မိဘအရင်းနှစ်ဦးစလုံး ကွယ်လွန်ခဲ့ပြီး လောလောဆယ် ကျောင်းတက်နေသော အသက်(၁၀-၁၄)နှစ်အရွယ် ကလေးများနှင့် မိဘနှစ်ဦးစလုံး အသက်ရှင်လျက်ရှိပြီး၊ အနည်းဆုံးမိဘအရင်းတစ်ဦးနှင့် နေထိုင်လျက် ကျောင်းတက်နေသော အသက်(၁၀-၁၄)နှစ် အရွယ် ကလေးများ၏ အချိုးအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် ကျောင်းတက်နေသော အသက်(၁၀-၁၄)နှစ်အရွယ် မိဘမဲ့သူနှင့် မိဘရှိသူ ကလေးဦးရေ အချိုး၊ ၂၀၁၀ (ဦးရေ ၁၀၀ လျှင်)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၁.၀ | ၀.၆ | ၁.၃ | ၀.၅ | ၀.၇ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက်ကျောင်းတက်နေသော အသက်(၁၀-၁၄)နှစ်အရွယ် မိဘမဲ့သူနှင့် မိဘရှိသူ ကလေးဦးရေ အချိုး၊ ၂၀၁၀ (ဦးရေ ၁၀၀ လျှင်)***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၆-၇။ ဆေးစိမ်ခြင်ထောင်များဖြင့် အိပ်သော အသက်၅နှစ်အောက် ကလေးဦးရေ အချိုး

ဤညွှန်ကိန်းကို စစ်တမ်းမတိုင်မီညတွင် ဆေးစိမ်ခြင်ထောင်ဖြင့်အိပ်သော အသက် (၀-၅၉)လ အရွယ် ကလေးအရေအတွက်ကို စစ်တမ်းတွင် ပါဝင်သည့် အသက် (၀-၅၉)လ အရွယ် စုစုပေါင်း ကလေးအရေအတွက်၏ ရာခိုင်နှုန်းအဖြစ် ဖော်ပြသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် ဆေးစိမ်ခြင်ထောင်များဖြင့် အိပ်သော အသက်၅နှစ် အောက် ကလေးဦးရေ အချိုး၊ ၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၉.၃ | ၁၁.၈ | ၆.၉ | ၁၂.၁ | ၁၁.၁ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက်ဆေးစိမ်ခြင်ထောင်များဖြင့် အိပ်သော အသက်၅နှစ် အောက် ကလေးဦးရေ အချိုး၊ ၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ပန်းတိုင် ၇။ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့မှုကို မုချ သေချာစေရန်

ပန်းတိုင်(၇)အောက်တွင် အားလုံးပေါင်း ရည်မှန်းချက်(၄)ခုနှင့် ညွှန်ကိန်း(၁၀)ခု ရှိသည်။ ယင်းတို့အနက် ညွှန်ကိန်း(၇)ခုကို အိမ်ထောင်စု စစ်တမ်းအချက်အလက်များ အခြေခံ၍ တွက်ယူ မရနိုင်ပါ။ အောက်တွင် ဖော်ပြထားသော ကျန်ညွှန်ကိန်း(၃)ခုကို တွက်ချက်ရယူရန်အတွက် အချက်အလက်များကို စစ်တမ်းက ဖြစ်ထွန်းစေခဲ့ပါသည်။

***ရည်မှန်းချက် ၇-ဂ။ ၂၀၁၅ခုနှစ် တွင် ဘေးကင်းသော သောက်ရေနှင့် အခြေခံကျသည့် အညစ်အကြေး သန့်ရှင်းရေးစနစ်အား အစဉ်လက်လှမ်းမီ မရရှိသော လူဦးရေအချိုးကို ထက်ဝက် လျှော့ချရန်***

၇-၈။ ကောင်းမွန်သည့် သောက်ရေဇာစ်မြစ်အား အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး

၇-၉။ ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေး စနစ်အား အသုံးပြုလျက်ရှိသည့် လူဦးရေအချိုး

***ရည်မှန်းချက် ၇-ဃ။ ၂၀၂၀ပြည့်နှစ်တွင် ဆင်းရဲသားရပ်ကွက်၌နေသူ အနည်းဆုံးသန်း(၁၀၀)၏ နေထိုင်မှု ဘဝများတွင် သိသာစွာ တိုးတက်ကောင်းမွန်မှု ရရှိစေရန်***

၇-၁၀။ ဆင်းရဲသားရပ်ကွက်များ[၂]တွင် နေထိုင်ကြသည့် မြို့ပြလူဦးရေအချိုး

[၂] ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်သည့် အမှန်တကယ်လူဦးရေအချိုးကို ကိုယ်စားပြုချက်တစ်ခုဖြင့် တိုင်းတာပါသည်။ ယင်းကိုယ်စားပြုချက်ကို ပင်ကိုလက္ခဏာလေးမျိုးဖြစ်သည့် (က)ကောင်းမွန်သော ရေပေးဝေမှုကို လက်လှမ်းမမီ မရရှိခြင်း (ခ)ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ်အား လက်လှမ်းမမီ မရရှိခြင်း (ဂ)ကျပ်ညပ်နေရခြင်း (အခန်းတစ်ခန်းလျှင် လူ(၃)ဦးနှင့်အထက် နေထိုင်ခြင်း) နှင့် (ဃ)နေအိမ်များကို တာရှည်မခံပစ္စည်းဖြင့် ဆောက်လုပ်ထားခြင်း တို့အနက် အနည်းဆုံးတစ်ခုရှိသည့် အိမ်ထောင်စုများတွင် နေထိုင်လျက်ရှိသည့် မြို့ပြလူဦးရေအချိုးဖြင့် ဖော်ပြသည်။

## ၇-၈။ ကောင်းမွန်သည့် သောက်ရေဇာစ်မြစ်အား အသုံးပြုလျက် ရှိသည့် လူဦးရေအချိုး

ဤညွှန်ကိန်းကို ပုဂ္ဂလိကရေဘုံဘိုင်ခေါင်း၊ အများသုံး ရေဘုံဘိုင်ခေါင်း (သို့မဟုတ်) မတ်ရပ်ပိုက်၊ အဝီစိတွင်း (သို့မဟုတ်) တွင်းနက်၊ အကာအကွယ်ရှိသော လက်တူးရေတွင်း နှင့် အကာအကွယ်ရှိသောစမ်း၊ ရေကန်ငယ်နှင့် မိုးရေတို့မှ မိနစ်(၃၀) လမ်းလျှောက်ရသည့် အကွာအဝေး သို့မဟုတ် ၁ ကီလိုမီတာနီးပါး အကွာအဝေးအတွင်း နေထိုင်သည့် လူဦးရေအချိုးအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် ကောင်းမွန်သည့် သောက်ရေဇာစ်မြစ်အား အသုံးပြုလျက် ရှိသည့် လူဦးရေအချိုး၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | |
| ၂၀၁၀ | ၆၂.၂ | ၇၁.၉ | ၈၁.၄ | ၆၅.၂ | ၆၉.၄ |
| ၂၀၀၅ | ၅၉.၄ | ၆၄.၂ | ၈၉.၆ | ၅၅.၃ | ၆၂.၆ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက်ကောင်းမွန်သည့် သောက်ရေဇာစ်မြစ်အား အသုံး ပြုလျက် ရှိသည့် လူဦးရေအချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

## ၇-၉။ ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေး စနစ်အား အသုံးပြုလျက် ရှိသည့် လူဦးရေအချိုး[၈]

ဤညွှန်ကိန်းကို လူ၏ကျင်ကြီးကျင်ငယ် အညစ်အကြေးများအား လူတို့နှင့် မထိတွေ့စေရေးအတွက် ကျန်းမာရေးအရ သီးခြား ထားရှိသည့် အိမ်သာများကို လက်လှမ်းမီသည့် လူဦးရေရာခိုင်နှုန်း အဖြစ် အဓိပ္ပာယ် ဖွင့်ဆိုသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ နှင့် အလွှာ အလိုက် ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေး စနစ်အား အသုံးပြုလျက် ရှိသည့် လူဦးရေအချိုး၊ ၂၀၀၅-၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | အလွှာ | | ပြည် |
|---|---|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | မြို့ပြ | ကျေးလက် | ထောင်စု |
| ၂၀၁၀ | ၇၁.၅ | ၈၁.၆ | ၈၄.၁ | ၇၇.၂ | ၇၉.၀ |
| ၂၀၀၅ | ၅၈.၇ | ၇၁.၄ | ၇၅.၆ | ၆၄.၄ | ၆၇.၃ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက်ကောင်းမွန်သည့် အညစ်အကြေးသန့်ရှင်းရေး စနစ်အား အသုံးပြုလျက် ရှိသည့် လူဦးရေအချိုး၊ ၂၀၀၅-၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၄-၂၀၀၅)၊ IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

[၈] ဤနေရာတွင် ကောင်းမွန်သော အညစ်အကြေးသန့်ရှင်းရေးစနစ်(အိမ်သာ)တွင် မိလ္လာစနစ် သို့မဟုတ် မိလ္လာကန်နှင့် ဆက်ထားသော ရေဆွဲအိမ်သာ၊ ခလုတ်ပါသော ရေလောင်းနှင့်ရေဆွဲအိမ်သာ၊ ခြေတင်ခုံ အဖုံးပါ တွင်းဖုံးအိမ်သာ နှင့်ခြေတင်ခုံ အဖုံးမပါ တွင်းလွဲ၊ တွင်းဖုံးအိမ်သာတို့ ပါဝင်သည်။

## ၇-၁၀။ ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်ကြသည့် မြို့ပြလူဦးရေအချိုး

ဆင်းရဲသားရပ်ကွက်မှ အိမ်ထောင်စုကို အောက်ပါ ပင်ကိုလက္ခဏာများ ဖြစ်သည့် ကောင်းမွန်သောရေကို လက်လှမ်းမီရရှိမှု၊ ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးကို လက်လှမ်းမီမှု၊ လုံလောက်သော နေထိုင်စားသောက်ရာ အကျယ်အဝန်း ပမာဏရှိမှု နှင့် နေအိမ်၏ တာရှည်ခံမှုတို့အနက် တစ်ခု သို့မဟုတ် ထို့ထက်ပို၍ မရှိသော နေထိုင်ရာနေရာတွင် တစ်မိုးအောက် အတူတကွ နေထိုင်သည့် လူစုတစ်စု အဖြစ် အဓိပ္ပာယ် ဖွင့်ဆိုသည်။

***ဆင်းရဲနွမ်းပါးမှု အခြေအနေ အလိုက် ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်ကြသည့် မြို့ပြလူဦးရေအချိုး (ပင်ကို လက္ခဏာ တစ်ခုခု ချို့တဲ့ခြင်း)၊ ၂၀၁၀ (%)***

| | ဆင်းရဲနွမ်းပါးမှု အခြေအနေ | | ပြည်ထောင်စု |
|---|---|---|---|
| | ဆင်းရဲသူ | မဆင်းရဲသူ | |
| ၂၀၁၀ | ၈၂.၅ | ၆၂.၁ | ၆၅.၃ |

ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

***ပြည်နယ်၊ တိုင်းဒေသကြီး အလိုက် ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်ကြသည့် မြို့ပြလူဦးရေအချိုး (ပင်ကို လက္ခဏာ တစ်ခုခု ချို့တဲ့ခြင်း)၊ ၂၀၁၀***




ဇာစ်မြစ် - IHLCA စစ်တမ်း (၂၀၀၉-၂၀၁၀)

# အထွေထွေ သတင်းအချက်အလက်

Go

## အဓိက ရည်ရွယ်ချက်များ

- စားဝတ်နေရေး အခြေအနေများနှင့် ဆက်နွယ်ပတ်သက်သည့် ညွှန်ကိန်းတချို့ကို ဘက်စုံ ရှုမြင်တိုင်းတာခြင်းဖြင့် လူဦးရေ၏ လူနေမှု ဘဝပြည့်စုံ ဖူလုံမှုအတွက် တိကျမှန်ကန်ပြီး ခြုံငုံသုံးသပ်ထားသည့် အကဲဖြတ်ချက်တစ်ခုရရှိရန်၊
- အစီအစဉ်ကျနစွာ ကြားဝင်ဆောင်ရွက်မှုများကို ပိုမိုကောင်းမွန်စွာ စူးစိုက် ဆောင်ရွက်နိုင်အောင် ကူညီရန်နှင့် ရသုံးမှန်းခြေငွေစာရင်း ခွဲဝေသုံးစွဲမှုတွင် ပိုမိုကောင်းမွန်စွာ ဦးစားပေးနိုင်အောင် ကူညီရန်အတွက်၊ ကွဲပြားခြားနားသည့် ဆင်းရဲနွမ်းပါးမှု အဆင့်များကို ဖော်ထုတ် သတ်မှတ်ရာတွင် ယုံကြည် စိတ်ချရပြီး နောက်ဆုံး အခြေအနေနှင့် ကိုက်ညီသည့် အချက်အလက်များကို ဖြည့်ဆည်း ပေးရန်၊
- မြန်မာနိုင်ငံ၏ လူမှုဘဝ ပြည့်စုံဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှု ရှုထောင့်အမြင်များကို ပိုမိုနားလည်နိုင်ရန်အတွက်နှင့် စားဝတ်နေရေး အခြေအနေများ၏ မြင်တွေ့ ပုံစံများနှင့် အလားအလာများကို ဖြစ်ပေါ်စေသည့် အတွင်းနှင့်အပြင် အကြောင်း ခံများကို ပိုမိုနားလည်နိုင်ရန်အတွက် အရေအတွက်နှင့် အရည်အသွေး ဆိုင်ရာ အချက်အလက်များကို ဖြည့်ဆည်းပေးရန်၊
- ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် အခြားအမျိုးသားနှင့် အပြည်ပြည်ဆိုင်ရာ ရည်မှန်းချက်များ ဖြစ်မြောက် အောင်မြင်မှုရှိစေရေးကို ဦးတည်လျက် ဖြစ်ပေါ် တိုးတက်မှုကို စောင့်ကြည့် စစ်ဆေးရာတွင် အခြေခံထားရမည့် သတင်း အချက် အလက်များကို ဖြည့်ဆည်းပေးရန်၊
- စားဝတ်နေရေး အခြေအနေများကို စောင့်ကြည့်စစ်ဆေးရန်နှင့် အနာဂတ် ကာလ တွင် အချိန်အလိုက် အလားအလာ စိစစ်မှုပြုလုပ်ရန်အတွက် မူဘောင်တစ်ခုကို တည်ဆောက်ရာတွင် ကျနသေချာ၍ စံပြုထားသည့် နည်းလမ်းတစ်ခုကို ပြုစု ပျိုးထောင်ပေးရန်၊

## သတင်းအချက်အလက် လွှမ်းခြုံမှု

မေးခွန်းလွှာ အမျိုးအစားလေးမျိုးကို အသုံးပြု၍ စစ်တမ်းကို ကောက်ယူခဲ့ပါသည်။ ယင်းမေးခွန်းလွှာများမှာ - (၁) အိမ်ထောင်စုမေးခွန်းလွှာ (၂) ရပ်ရွာမေးခွန်းလွှာ (၃) ရပ်ရွာဈေးနှုန်းမေးခွန်းလွှာ နှင့် (၄) မြို့နယ် အခြေအနေမေးခွန်းလွှာတို့ ဖြစ်ကြသည်။ အိမ်ထောင်စု မေးခွန်းလွှာသည် အိမ်ထောင်စုစားဝတ်နေရေး အခြေအနေများ၏ ကွဲပြားခြားနားသော သွင်ပြင်လက္ခဏာများကို လွှမ်းခြုံထားသည့် သတင်း အချက်အလက်များအပေါ် စူးစိုက်ထားရှိသည်။ ယင်းသွင်ပြင်လက္ခဏာများမှာ - အိမ်ထောင်စု အခြေခံပင်ကိုလက္ခဏာများ၊ နေအိမ်အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ စားသုံးမှု စရိတ်များ၊ အိမ်ထောင်စုပိုင်ပစ္စည်းများ၊ လုပ်သားနှင့်အလုပ်လုပ်ကိုင်မှု၊ စီးပွားရေး လုပ်ငန်း၊ ငွေရေးကြေးရေး နှင့် စုဆောင်းမှုတို့ ဖြစ်ကြသည်။ ရပ်ရွာမေးခွန်းလွှာတွင် စစ်တမ်းကောက်ယူသည့် ကျေးရွာနှင့် ရပ်ကွက်များ၏ အထွေထွေ သတင်း အချက်အလက်များကို ဖော်ပြသည့် အချက်အလက်များကို ကောက်ယူရန်အတွက် မေးခွန်းများပါဝင်သည်။ ရပ်ရွာဈေးနှုန်းမေးခွန်းလွှာသည် အကယ်၍ အိမ်ထောင်စု စစ်တမ်းမှ တွက်ချက်ရယူသည့် တန်ဖိုးသင့်ဈေးနှုန်းများ၏ အရည်အသွေးသည် ကျေနပ်ဖွယ် မရှိခဲ့ပါက အသုံးပြုရန်အတွက် စစ်တမ်းကောက်သည့် ကျေးရွာ သို့မဟုတ် ရပ်ကွက်မှ ပစ္စည်းအမယ်တစ်ခုချင်း၏ ဈေးနှုန်းများအတွက် သတင်း အချက်အလက် ကောက်ယူစုဆောင်းခြင်း ဖြစ်သည်။ မြို့နယ်အခြေအနေမေးခွန်းလွှာကို စစ်တမ်းတွင် ပါဝင်သည့် မြို့နယ်အကြောင်း သတင်းအချက်အလက် ရယူရန်အတွက်မျှသာ ပြင်ဆင်ထားပါသည်။

## စစ်တမ်းဖွဲ့စည်းပုံ

အိမ်ထောင်စုစားဝတ်နေရေး အခြေအနေဘက်စုံလေ့လာမှု (IHLCA)၏ ရည်ရွယ်ချက် အားလုံး ဖြည့်ဆည်းနိုင်မှု သေချာစေရန်အတွက် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းပုံတစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။ ဤဖွဲ့စည်းပုံတွင် စစ်တမ်းပိုင်ဆိုင်မှု ခံစားချက်ကို လှုံ့ဆော်ပေးရန် အတွက် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ ကိုယ်စားလှယ်များနှင့် အခြားသက်ဆိုင်ပတ်သက်သူများ ပါဝင်ခဲ့သည်။ ဤသို့ပါဝင်စေခြင်းဖြင့် ပေးအပ်သည့် သတင်းအချက်အလက်များသည် မူဝါဒနှင့် အစီအစဉ်တကျ ညွှန်ကြားချက်ပေးနိုင်ရန် အလို့ငှာ အလွန်အလွန် အသုံးဝင်ပြီး အဓိပ္ပာယ်လေးနက်မှုရှိစေခဲ့သည်။ ထို့ပြင်

ကောက်ယူစုဆောင်းသည့် အချက်အလက်များဖြစ်နိုင်သမျှ ယုံကြည်စိတ်ချရပြီး တိကျမှန်ကန်စေရန်အတွက် သုတေသနပညာရှင်များနှင့် နည်းပညာ အထူး ကျွမ်းကျင်သူများကိုလည်း ဤဖွဲ့စည်းပုံတွင် ပါဝင်စေခဲ့သည်။
စစ်တမ်းဖွဲ့စည်းမှု၏ အဖွဲ့အစည်းဆိုင်ရာဖွဲ့စည်းပုံတွင်(၁) IHLCA ဦးဆောင်ကော်မတီ၊ (၂) IHLCA နည်းပညာကော်မတီ နှင့် (၃) IHLCA နည်းပညာယူနစ်တို့ ပါဝင်သည်။

## စစ်တမ်း ဒီဇိုင်း

စစ်တမ်းဒီဇိုင်းမှာ အလွှာခွဲ အဆင့်ဆင့် နမူနာကောက် ဒီဇိုင်းဖြစ်ပြီး အလွှာပေါင်း (၆၂)ခု ရှိကာ နိုင်ငံ၏ ခရိုင်အားလုံး အလွှာများ ဖြစ်ကြသည်။ အဆင့်လေးဆင့်မှ နမူနာယူနစ်များမှာ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု၊ လမ်းအပိုင်း/ရွာ နှင့် အိမ်ထောင်စုတို့ ဖြစ်ကြသည်။ နမူနာအရွယ်မှာ အိမ်ထောင်စုပေါင်း (၁၈၆၆၀)ဖြစ်ပြီး အလွှာအားလုံးကို ဖြတ်သန်း၍ အချိုးကျ ကျပန်းရွေးချယ်ထားသည်။ IHLCA-I နှင့် IHLCA-II တို့၏ နမူနာဒီဇိုင်းမှာ တူညီပြီး IHLCA-I နမူနာမှ အိမ်ထောင်စုများ၏ တစ်ဝက်ကို IHLCA-II တွင် ထည့်သွင်းထိန်းသိမ်းထားသည်။

**UNDP Myanmar**
No. (6), Natmauk Road, P.O. Box (650)
Yangon, 11211, Myanmar
Phone: +95 1 542910~19
Email: registry.mm@undp.org
Website: www.mm.undp.org